# မြန်မာပြည်

၂၀၁၀ ရွေးကောက်ပွဲမတိုင်မီ ၂၀၀၉ အတွင်းတွင် မြန်မာပြည်၏ လူ့အခွင့်အရေးမှတ်တမ်းမှာ ဆိုးတထက်ဆိုးရွားနေမြဲဖြစ်သည်။ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(နအဖ) အစိုးရသည် အခြေခံလွတ်လပ်ခွင့်များဖြစ်သည့် လွတ်လပ်စွာပြောဆိုခွင့်၊ လွတ်လပ်စွာ ဖွဲ့စည်းခွင့်၊ လွတ်လပ်စွာစုရုံးခွင့်တို့ကို စနစ်ကျကျ ငြင်းပယ်နေမြဲဖြစ်သည်။ ၂၁၀၀ ထက်မကသော နိုင်ငံရေးအကျဉ်းသားများမှာလည်း ထောင်ထဲတွင် အကျဉ်းချခံ နေရမြဲဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်အား တရားစစ်ဆေးစီရင်ပြီး နိုင်ငံရေး ဥာဏ်နီဥာဏ်နက်ဖြင့် ဖမ်းဆီးခြင်းနှင့် အကျယ်ချုပ်တွင်နောက်ထပ် ၁၈ လ ပြန်တိုးခဲ့ခြင်းတို့က စစ်အစိုးရမှ စစ်မှန်သည့် နိုင်ငံရေးပါဝင်မှုနည်းလမ်းဖြင့် ရွေးကောက်ပွဲကို ပြုလုပ်သွားရန် စိတ်ပါဝင်စားလိုလားမှု မရှိကြောင်း မီးမောင်းထိုးပြနေသည်။ မြန်မာစစ်တပ်သည် တိုင်းရင်းသားစစ်ပွဲများ ဖြစ်ပွားရာဒေသများတွင် အရပ်သားများအား ဥပဒေမှ အပဖြစ်သော သတ်ဖြတ်ခြင်းများ၊ အတင်းအဓမ္မလုပ်အားပေးစေခိုင်းမှုနှင့် လိင်အကြမ်းဖက်မှုများကို ကျူးလွန်နေမြဲဖြစ်သည်။

## ဒေါ်အောင်ဆန်းစုကြည်အား စစ်ဆေးစီရင်ခြင်း

အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် (NLD) ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား နေအိမ် အကျယ်ချုပ်တွင် ၂၀၀၃ ကတည်းက ချထားခဲ့သည်။ မေလ ၁၄ ရက်နေ့၊ ၂၀၀၉ တွင် အမေရိကန်နိုင်ငံသား John Yettaw မှ သူမနေထိုင်ရာ နေအိမ်သို့ ကျူးလွန်ဝင်ရောက်လာမှုကို လက်ခံသောကြောင့်၊ နေအိမ် အကျယ်ချုပ်ခြင်း ဥပဒေကို ချိုးဖောက်သည်ဟု ဆိုကာ ဒေါ်စုအား (NLD) အဖွဲ့ဝင်လည်းဖြစ်သည့် သူမ၏ အိမ်ဖော်နှစ်ဦးကိုပါ) အာဏာပိုင်များက ဖမ်းဆီးခဲ့သည်။ သူတို့အား အင်းစိန်ထောင်သို့ပို့ခဲ့ပြီး၊ မေ ၁၈ တွင် နေအိမ် အကျယ်ချုပ်ကို တိုးနိုင်ရန် ရက်စက်ပြင်းထန်သည့် ဥပဒေ ၁၉၇၅ နိုင်ငံတော်ကာကွယ်ရေး ဥပဒေကို ချိုးဖောက်မှုဖြင့် တရားရုံးတင် စစ်ဆေးခဲ့သည်။

တရားစစ်ဆေးမှုမှာ နိုင်ငံတကာတရားမျှတမှုကင်းမဲ့ပြီး၊ မကြာခဏရက်ရွှေ့ဆိုင်းမှုတို့ဖြင့် ၃ လ ကြာမြင့်သွားခဲ့သည်။ ဒေါ်စုအား တရားဥပဒေနည်းလမ်းအရ လျှောက်လဲတင်ပြနိုင်ခွင့်ကိုပေးခဲ့သော်လည်း သက်သေခံများသုံးမှုကို ငြင်းပယ်ခဲ့သည် (တရားစွဲဆိုချက်တင်သော သက်သေခံ ၁၄ ဦးရှိခဲ့သော်လည်း လျှောက်လဲချက်သက်သေခံမှုမှာ ၂ ဦးသာရှိသည်)။ ပြည်သူများအား တရားရုံးစစ်ဆေးမှုကို လာရောက်နားထောင် ကြည့်ရှုခွင့် မပေးခဲ့ပေ။ နိုင်ငံခြား သံတမန်များနှင့် သတင်းမီဒီယာများအား အချို့ပိုင်းများကို ကြည့်ရှုရန်ခွင့်ပေးခဲ့သည်။ ဩဂုတ်လ ၁၁ တွင် ဒေါ်စုအား အပြစ်ရှိသည်ဟုဆိုကာ  အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၃ နှစ် ချမှတ်ခဲ့သည်။ သို့သော် ထိုသို့ချမှတ် ပြီးပြီးချင်းမှာပင် ပြည်ထဲရေးဆိုင်ရာ ဝန်ကြီး ဗိုလ်ချုပ် မောင်ဦးက ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ စာကို ဖတ်ပြပြီး ဒေါ်စုနှင့် အိမ်ဖော်နှစ်ဦးကို နေအိမ် အကျယ်ချုပ် ၁၈ လ ချမှတ်ခဲ့သည်။  Yettaw ကိုမူ လူဝင်မှုကြီးကြပ်ရေးဥပဒေကို ချိုးဖောက်မှုနှင့် ဒေါ်စုနေအိမ်သို့ ကျူးလွန်ဝင်ရောက် မှုတို့ဖြင့် အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၇ နှစ် ချမှတ်ခဲ့သည်။ သို့သော်လည်း အမေရိကန် အထက်လွှတ်တော်အမတ် Jim Webb မြန်မာသို့ လာရောက်ပြီး ရက်သတ္တပတ် အကြာတွင် ထောင်ထဲမှ လွှတ်လာခဲ့သည်။ ဒေါ်စုက ထောင်ဒဏ် စီရင်မှုကို ပြန်ပြီး အယူခံဝင်သော်လည်း ရန်ကုန်တိုင်း တရားရုံးက ထိုအယူခံဝင်မှုကို အောက်တိုဘာလ ၁ ရက်နေ့တွင် ငြင်းပယ်ခဲ့သည်။

## နိုင်ငံရေးအကျဉ်းသားများနှင့် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများ

နိုင်ငံရေး လှုပ်ရှားသူများ၊ အထူးသဖြင့် ၂၀၀၇ သပိတ်မှောက် ဆန္ဒပြမှုများတွင် ပါဝင်သူများမှာ ၂၀၀၇ နှင့် ၂၀၀၈ တွင် ဖမ်းဆီးခံရပြီး၊
ပွင့်လင်းမှုမရှိသည့် အလုံပိတ် တရားရုံးတွင် အစီရင်ခံရသည်။ ၂၀၀၉ တွင် နအဖက အကျဉ်းသားများအား လွတ်ငြိမ်းချမ်းသာခွင့်ကို ၂ ကြိမ်ပေးခဲ့သည်။ ထိုသို့ပေးခဲ့သော်လည်း ဖေဖော်ဝါရီလ တွင် ၆၊၃၁၃ လွှတ်ပေးရာမှ နိုင်ငံရေးအကျဉ်းသားဦးရေမှာ ၃၁ ယောက်သာ ပါဝင်ပြီး၊ စက်တင်ဘာလ တွင် ၇၊၁၁၄ လွှတ်ပေးရာမှာ ၁၃၀ ယောက်သာ ပါဝင်သည်။ ထိုသို့လွှတ်လာသူများတွင် နာဂစ် ဆိုင်ကလုန်းမုန်တိုင်းတွင်

ကူညီခဲ့သူ သတင်းထောက်သမား အိမ်ခိုင်ဦးနှင့် မဂ္ဂဇင်းအက်ဒီတာ သက်ဇင်တို့ပါဝင်သည်။ ၂၁၀၀ ထက်မကသော နိုင်ငံရေး အကျဉ်းသားများမှာ ငြိမ်းချမ်းစွာ ဆန္ဒပြမှုများတွင် ပါဝင်မှုဖြင့် ဆက်လက် အကျဉ်းချခံနေရမြဲဖြစ်သည်။ ကျောင်းသားခေါင်းဆောင်မင်းကိုနိုင်နှင့် လူသိများသော လူရွှင်တော်လည်းဖြစ်၊ လူမှုရေး လှုပ်ရှားသူလည်းဖြစ်သူ ဇာဂနာ တို့ကိုလည်း ဆေးဝါးကုသမှုနှင့် သန့်ရှင်းရေး အားနည်းမှုများရှိသည့် ဝေးလံလှသောနေရာများတွင် အကျဉ်းချထားသည်။

သည့်အပြင် ၂၀၀၉ တလျှောက်လုံးတွင် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများ၊ လှုပ်ရှားသူများနှင့် NLD အဖွဲ့ဝင်များကို ဆက်လက်ဖမ်းဆီးနေမြဲဖြစ်သည်။ စက်တင်ဘာ ၃ ရက်နေ့တွင် ရန်ကုန်မြို့သို့ ပြန်လာသော အမေရိကန် နိုင်ငံသားခံယူရရှိထားပြီးဖြစ်သည့် ကျော်ဇောလွင်အား အာဏာပိုင်များက ဖမ်းဆီးခဲ့သည်။ နိုင်ငံတကာ ကြက်ခြေနီအသင်းကိုလည်း အကျဉ်းတောင်များသို့ သွားရောက်လေ့လာခွင့် မပြုခဲ့ချေ။

သံဃာတော်များ ပြန်လည်အုံကြွမှုကို ဟန့်တားကာကွယ်နိုင်ရန် အစိုးရအားဆန့်ကျင်သည်ဟု မယုံသင်္ကာထင်ရသော မြန်မာပြည်တဝန်းလုံးရှိ အဓိက ဘုန်းကြီးကျောင်းများနှင့် သံဃာတော်များကို အာဏာပိုင်များက မျက်ခြေမပျက် စောင့်ကြည့်လေ့လာနေခဲ့သည်။ ၂၀၀၇ ဆန္ဒပြမှုများတွင် ပါဝင်မှုဖြင့် သံဃာတော် ၂၃၀ ပါးမှာ အကျဉ်းချခံနေရမြဲဖြစ်သည်။

## တိုင်းရင်းသားစစ်ပွဲဖြစ်ပွားရာဒေသ၊ စစ်ပွဲဒဏ်ကြောင့် ပြည်တွင်းအတွင်း အိုးအိမ်မဲ့ရွှေ့ပြောင်းရသူများနှင့် ဒုက္ခသည်များ

မြန်မာစစ်တပ်သည် တိုင်းရင်းသား စစ်ပွဲများ ဖြစ်ပွားရာဒေသများ၊ အထူးသဖြင့် အရှေ့ပိုင်းနှင့် မြောက်ပိုင်းတို့တွင် အရပ်သားများအား ဆက်လက် တိုက်ခိုက်နေဆဲဖြစ်သည်။ မေလ ၂၀၀၉ တွင် မြန်မာစစ်တပ်၏ ကိုယ်စားတပ်အဖြစ် ရပ်တည်သည့် ဒီမိုကရက်တစ် ကရင် ဗုဒ္ဓစစ်တပ် DKBA မှ တိုက်ခိုက်မှုများက ထောင်ပေါင်းများစွာသော အရပ်သားများကို အိုးအိမ်မဲ့ဖြစ်စေခဲ့ပြီး၊ ခန့်မှန်းခြေအရ ၅၊၀၀၀ ခန့်ရှိသည့် ဒုက္ခသည်များမှာ ထိုင်းနိုင်ငံသို့ ရောက်ရှိလာခဲ့သည်။ ဇူလိုင်လကုန်ပိုင်းတွင် မြန်မာစစ်တပ်က ရှမ်းပြည် အလယ်ပိုင်းရှိ ကျေးရွာ ၃၉ ရွာကို ဝင်ရောက်တိုက်ခိုက်ခဲ့ရာ၊ လူပေါင်း ၁၀၊၀၀၀ ခန့်မှာ အိုးမဲ့ယာမဲ့ ဖြစ်ခဲ့ရသည်။

၂၀၁၀ ရွေးကောက်ပွဲမတိုင်မီတွင် မြန်မာစစ်တပ်နှင့် တရားဝင် တစိတ်တပိုင်း ငြိမ်းချမ်းရေးယူထားသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ၂ ဒါဇင်အား လက်နက်ချပြီး၊ "နယ်ခြားစောင့်တပ်" သို့အသွင်ပြောင်းလဲရန် ညွှန်ကြားမှုတို့ကြောင့် မြန်မာစစ်တပ်နှင့် ထို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကြား ၂၀၀၉ အတွင်းတွင် တင်းမာမှုများပြင်းထန်လာခဲ့သည်။ ၂၀၀၉ ဩဂုတ်လတွင် မြန်မာစစ်တပ်က စစ်အစိုးရနှင့် တရားဝင် ငြိမ်းချမ်းရေးရယူထားသည့် ရှမ်းပြည်မြောက်ပိုင်းရှိ မြန်မာအမျိုးသား ဒီမိုကရက်တစ်မဟာမိတ်စစ်တပ်ကိုဝင်ရောက်တိုက်ခိုက်ခဲ့သောကြောင့် ၃၇၊၀၀၀ လောက်ရှိသည့် ကိုးကန့်နှင့် တရုတ် လူမျိုးများမှာ တရုတ်ပြည်တောင်ပိုင်းသို့ ခိုဝင်ရှောင်ပြေးလာခဲ့ရသည်။ အချို့သော ဒုက္ခသည်များက နေရပ်သို့ပြန်လာကြသော်လည်း၊ ထောင်ပေါင်းများစွာမှာ စစ်ပွဲပြန်လည်ဖြစ်ပွားမည်ကို စိုးရိမ်သောကြောင့် တရုတ်နိုင်ငံအတွင်း ဆက်လက်ခိုလှုံနေမြဲဖြစ်သည်။ အိမ်ယာမြေနှင့် ပိုင်ဆိုင်မှုများအား သိမ်းပိုက်မှု၊ နှိပ်စက်မှုနှင့် ရိုက်နှက်မှု၊ ဥပဒေမဲ့ အပဖြစ်သော သတ်ဖြတ်ခြင်းများ၊ မိန်းမများနှင့် မိန်းကလေးငယ်များအား လိင်အကြမ်းဖက်မှု၊ အတင်းအဓမ္မလုပ်အားပေးစေခိုင်းမှု စသည့် ချိုးဖောက်မှုများမှာ များပြားလှျက်ရှိသည်။ မြန်မာစစ်တပ်နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များက အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဥပဒေကို ချိုးဖောက်ပြီး၊ အရပ်သားများနေထိုင်ရာ နေရာများနှင့် အစားအစာထုတ်လုပ်ရာနေရာများတွင် မြေမြှုပ်ဗုံးများကို ကျယ်ပြန့်စွာ သုံးနေမြဲဖြစ်သည်။

နိုင်ငံတကာအဖွဲ့အစည်းအေဂျင်စီများက ပြန်လည်နေရာချထားရေးကို ကျယ်ပြန့်စွာ လုပ်ဆောင်နေကြသော်လည်း၊ မြန်မာပြည်အရှေ့ပိုင်းတွင် စစ်ပွဲဒဏ်ကြောင့် ပြည်တွင်းအတွင်း အိုးအိမ်မဲ့ရွှေ့ပြောင်းရသူများ သန်းထက်ဝက်ခန့်ရှိပြီး၊ ထိုင်း–မြန်မာနယ်စပ်ရှိ စခန်း ၉ ခန်းတွင် ဒုက္ခသည်ပေါင်း ၁၄၀၊၀၀၀ ခန့်ရှိသည်။ အိန္ဒိယ အရှေ့ပိုင်းတွင် ချင်း

ဒုက္ခသည်ပေါင်း ၅၀၊၀၀၀ ခန့်ရှိပြီး၊  ရိုဟင်ဂျာ မူဆလင်များ ၂၈၊၀၀၀ ခန့်မှာ ဘင်ဂလားဒေ့ရှ်ရှိ ညစ်ပတ်ဆင်းရဲလှသည့် စခန်းများတွင် ရှိနေမြဲဖြစ်သည်။

သန်းပေါင်းများစွာသော မြန်မာ ပြည်ပရွှေ့ပြောင်းအလုပ်သမားများ၊ မြန်မာဒုက္ခသည်များနှင့် နိုင်ငံရေးခိုလှုံခွင့်တောင်းခံသူများသည် ထိုင်းနိုင်ငံ၊ အိန္ဒိယ ဘင်ဂလားဒေ့ရှ်၊ နှင့် မလေးရှား နိုင်ငံများတွင်နေထိုင်ပြီး၊ ရံဖန်ရံခါ လူကုန်ကူးမှုကို ခံနေရသည်။ ၂၀၀၈ ကုန်ပိုင်းနှင့် ၂၀၀၉နှစ်ဆန်းပိုင်းများတွင် မြန်မာပြည် အနောက်ပိုင်းမှ ထောင်ပေါင်းများစွာသော ရိုဟင်ဂျာ မူဆလင်များမှာ  ပင်လယ်ရေကြောင်းခရီးဖြင့် ထိုင်း၊ မလေးရှား၊ နှင့် အင်ဒိုနီးရှားနိုင်ငံများသို့ ထွက်ခွာလာခဲ့သည်။ ဇန်နဝါရီလတွင် ထိုင်းအစိုးရက အပြည်ပြည်ဆိုင်ရာက တားမြစ်ဝေဖန်သည့်ကြားမှ ထို ရိုဟင်ဂျာများကို လှေများတွင် ထည့်ပြီး ပင်လယ်သို့နှင်လွှတ်ခဲ့သည် (ထိုင်းနိုင်ငံ အခန်း ကိုကြည့်ပါ)။

## ကလေးစစ်သားများ

မြန်မာပြည်သည် ကလေးစစ်သားများစုဆောင်းမှုကို ဆက်လက်ပြီး စနစ်ကျကျ ကျယ်ပြန့်စွာ စုဆောင်းနေမြဲဖြစ်သည်။ ဇွန်လတွင် ကလေးများနှင့်တိုက်ပွဲဆိုင်ရာ ကုလသမဂ္ဂ လုံခြုံရေးကောင်စီအလုပ်အဖွဲ့က မြန်မာပြည်ကြောင်းအစီရင်ခံစာကိုထုတ်ပြန်ခဲ့သည်။  ထိုအစီရင်ခံစာက နအဖအစိုးရမှ ကလေးစစ်သားများအတင်း အဓမ္မစုဆောင်းမှုကို ရပ်ဆိုင်းရန် တောင်းဆိုထားသည်။ နအဖသည် ကလေးစစ်သားများစုဆောင်းမှုကို ရပ်ဆိုင်းရန် ထိရောက်မှုမရှိသည့် မူဝါဒများကိုချမှတ်ခဲ့ပြီး၊ ထိုသို့ ကလေးစစ်သားများစုဆောင်းမှုပြစ်မှုကို ကျူးလွန်သူများကိုလည်း တရားစွဲချက်တင်ရာတွင်လည်း အင်မတန်မှ နည်းပါးလှသောကြောင့် ထိုပြဿနာကိုဖြေရှင်းရန် တာဝန်ပျက်ကွက်နေလျှက်ရှိသည်။ ကလေးစစ်သားများအားစေလွှတ်အောင်လုပ်ဆောင်ရာတွင် ထိရောက်စွာလုပ်နိုင်သည့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ ILO နှင့် လက်တွဲပြီး အလုပ်လုပ်ဆောင်နေသည့် ကုလသမဂ္ဂမြန်မာပြည်အသင်းနှင့်အတူ စစ်အစိုးရက ညှိနှိုင်းလုပ်ဆောင်မှုများပြုလုပ်ရန် ကန့်သတ်လိုက်သည်။ DKBA ကဲ့သို့ အစိုးရမဟုတ်သည့်အခြားစစ်တပ်များမှ ကလေးစစ်သားများစုဆောင်းမှုမှာလည်းပိုမိုတိုးမြင့်လာနေခဲ့သည်။

## လူသားချင်းစာနာမှုဆိုင်ရာ စိုးရိမ်ချက်များ

နအဖသည် အပြည်ပြည်ဆိုင်ရာနှင့် ပုဂ္ဂလိက အရေးပေါ်ကူညီထောက်ပံ့သော အဖွဲ့အစည်းအေဂျင်စီများအား ၂၀၀၈ မေလတွင် နာဂစ် ဆိုင်ကလုန်းမုန်တိုင်းဖြစ်ပွားဒဏ်ခံခဲ့ရသော ဧရာဝတီမြစ်ဝှမ်းဒေသတွင် လူသားချင်းစာနာမှုဆိုင်ရာများကိုလုပ်ဆောင်နိုင်ရန် လွှတ်လပ်ခွင့်ကိုပေးခဲ့သည်။ သို့သော်လည်း၊ အခြေခံလွတ်လပ်ခွင့်များဖြစ်သည့် လွတ်လပ်စွာပြောဆိုခွင့်၊ လွတ်လပ်စွာ ဖွဲ့စည်းခွင့်၊ လွတ်လပ်စွာစုရုံးခွင့်တို့ကို စနစ်ကျကျ ငြင်းပယ်၊ ပိတ်ပင်ခဲ့သည်။ မြန်မာပုဂ္ဂလိက အရေးပေါ်ကူညီထောက်ပံ့သော အဖွဲ့အစည်းများ သိသာမြင်သာစွာများပြားလာခဲ့သော်လည်း၊ အစိုးရ၏ ထိန်းချုပ်မှုကို ခံရပြီး၊ သိုသိပ်လျှို့ဝှက်စွာ လုပ်ရသည်။ အစိုးရသည် နိုင်ငံခြားကူညီသူအလုပ်သမားများ အား ဗီဇာများငြင်းပယ်ခြင်း၊ ရက်ရွှေ့ဆိုင်းခြင်းများပြုလုပ်ခဲ့သည်။ အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာကူညီထောက်ပံ့မှုများအားတိုးမြှင့်ခဲ့သည်။ သို့သော်လည်း၊ နအဖအစိုးရက သဘာဝဓါတ်ငွေ့ရောင်းခြင်းမှ ဒေါ်လာဘီလျံပေါင်းများစွာ ရှိပြီး အနည်းငယ်မျှကိုသာကျန်းမာရေးနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာများတွင်သာ ပေးကမ်းခဲ့သည်။

စစ်ပွဲများဖြစ်ပွားရာ မြန်မာပြည်အရှေ့ပိုင်းနှင့် အနောက်ပိုင်း၊  ရခိုင်ပြည်နယ်ကဲ့သို့သော မြန်မာပြည် တစိတ်တပိုင်းဒေသများတွင်မူ လူသားချင်းစာနာကူညီထောက်ပံ့မှုများကို မရရှိခြင်း၊ သို့မဟုတ် အစိုးရ၏ တင်းကျပ်သောထိန်းချုပ်မှုအောက်တွင် ရရှိခြင်းများဖြစ်နေသည်။ ထို ဒေသများ၊ အထူးသဖြင့် ရိုဟင်ဂျင်အသိုင်းအဝန်းများမှာ မြန်မာပြည်တွင် လုပ်နေသည့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများအား ဆိုးရွားသည့် လူ့အခွင့်အရေးအခြေအနေကို ထိုးပြနေသည်။

## အပြည်ပြည်ဆိုင်ရာ အစိုးရ ပါဝင်လှုပ်ရှားသူများ

မြန်မာပြည်တွင် အပြည်ပြည်ဆိုင်ရာ အစိုးရ ပါဝင်လှုပ်ရှားသူများဖြစ်သည့် အမေရိကန်၊ ဥရောပသမဂ္ဂ၊ ဩစတြေးလျနှင့် အာဆီယံ များက ဒေါ်အောင်ဆန်းစုကြည်အား တရားစစ်ဆေးစီရင်ခြင်းအပေါ် ပြင်းထန်စွာဝေဖန်ပြီး၊ သူမအား ချက်ချင်းလွှတ်ပေးရန် တောင်းဆိုသည်။ ဇွန်လ ၁၆ တွင် ထိုတရားစစ်ဆေးစီရင်ခြင်းသည် လူတဦးချင်း၏ အခြေခံလွတ်လပ်ခွင့်ပိုင်းဆိုင်ရာ လူ့အခွင့်အရေးနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ အထူး လူ့အခွင့်အရေးတို့ကို ချိုးဖောက်သည်ဟု ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီအဖွဲ့မှ အထူး ကိုယ်စားလှယ် ၅ ဦးက အဆိုပြုချက်ထုတ်ပြန်ခဲ့သည်။ ဩဂုတ်လတွင် ဥရောပသမဂ္ဂက စစ်အစိုးရအဖွဲ့ဝင်များ ပိုင်ဆိုင်၊ ထိန်းချုပ်ထားသည့်စီးပွားရေးလုပ်ငန်းများ၏ ပိုင်ဆိုင်မှုများကို ပိတ်ဆို့တားမြစ်သည့် လုပ်ရပ်သစ်များကို ပြုခဲ့သည်။ တရားစီရင်မှုတွင်ပါဝင်သောအဖွဲ့ဝင်များကိုလည်း ခရီးသွားလာမှုဆိုင်ရာပိတ်ဆို့တားမြစ်ချက်များပြုခဲ့သည်။

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူး ဘန်ကီမွန်က ဇွန်လတွင် စစ်အစိုးရခေါင်းဆောင်ကြီးများနှင့် တွေ့ဆုံခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံနိုင်ရန် အကြိမ်ကြိမ်တောင်းဆိုခဲ့သော်လည်း၊ သွားရောက်တွေ့ဆုံခွင့်မရရှိခဲ့ပေ။ ဘန်ကီမွန်က အချက်သုံးချက်ကို နအဖအစိုးရထံတောင်းဆိုခဲ့သည်။ ထို အချက်များမှာ နိုင်ငံရေးအကျဉ်းသားများအား ချက်ချင်းပြန်လွှတ်ပေးရေး၊ စစ်အစိုးရနှင့် ဒေါ်စုကြား စကားပြောဆိုတွေ့ဆိုဆွေးနွေးရေးနှင့် ၂၀၁၀ ရွေးကောက်ပွဲကို "ခြုံငုံပါဝင်မှုရှိပြီး ပွင့်လင်းထင်သာသောနည်းလမ်းများ" ဖြင့်လုပ်ဆောင်သွားရန်တို့ဖြစ်သည်။ လူ့အခွင့်အရေးကို သွားရောက်လေ့လာသည့် ထို မြန်မာပြည် ခရီးစဉ်အပြီးတွင် ဘန်ကီမွန်က မိန့်ခွန်းပြောကြားရာ၌ စစ်အစိုးမှ လူသားချင်းစာနာမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများနှင့် စစ်မှန်သောနိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကိုလုပ်သွားနိုင်ရန် ကုလသမဂ္ဂနှင့် နိုင်ငံတကာလူ့အသိုင်းအဝန်းတို့ဖြင့် အတူလက်တွဲလုပ်ဆောင်သွားရန်ပြောဆိုခဲ့သည်။

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူး၏ မြန်မာပြည်ရေးရာ အထူးအကြံပေးအရာရှိ အီဘရာဟင် ဂမ်ဘာရီ သည် မြန်မာပြည်သို့ စစ်အစိုးရခေါင်းဆောင်ကြီးများနှင့် တွေ့ဆိုရန် ၂၀၀၉ တွင် ၃ ကြိမ်တိုင်တိုင်သွားရောက် ခဲ့ပြီးဖြစ်သည်။ စက်တင်ဘာလတွင် "မြန်မာပြည်၏ မိတ်ဆွေသူငယ်ချင်းများအဖွဲ့" က ကုလသမဂ္ဂ အထွေထွေညီလာခံ အမှုဆိုင်ရာဆောင်ရွက်ချက်နှင့် နယူးယောက်မြို့တွင် တွေ့ဆုံခဲ့ပြီး၊ အခြေခံလူ့အခွင့်အရေးများ၊ တာဝန်များ၊နှင့် လုပ်ဆောင်မှုပိုင်းဆိုင်ရာပြုပြင်ပြောင်းလဲမှုများပြုလုပ်ရန် နအဖက ကုလသမဂ္ဂအဖွဲ့နှင့် လုပ်ဆောင်သွားရန် တောင်းဆိုသည်။ တရုတ်သည် ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် မြန်မာပြည်အကြောင်း ဆွေးနွေးပြောဆိုခြင်းကို ပိတ်ပင်ခဲ့သည်။ မြန်မာပြည်ရေးရာ လူ့အခွင့်အရေးများအား အထူး စုံစမ်းစစ်ဆေးလေ့လာသူ၊ Tomás Ojea Quintana က ဖေဖော်ဝါရီလတွင် မြန်မာပြည်သို့ ငါးရက်ကြာ ခရီးသွားခဲ့သည်။ သူ့အား ကရင်ပြည်နယ် ဖားအံမြို့ နှင့် ရန်ကုန်မြို့ရှိ စစ်အစိုးရ ရွေးချယ်ပေးသော နိုင်ငံရေးအကျဉ်းသားများ၊ အစိုးရအရာခံများ၊ နအဖအားထောက်ခံသည့် လူမှုအဖွဲ့အစည်းများမှကိုယ်စားလှယ်များနှင့် တရားဝင်နိုင်ငံရေးပါတီများမှ အဖွဲ့ဝင်များနှင့် သွားရောက်တွေ့ဆုံခွင့်ပေးခဲ့သည်။ ၂၀၀၉ တွင် နောက်ထပ်သွားလည်ရန် တောင်းဆိုထားမှုများကို ရက်ရွှေ့ဆိုင်းထားခဲ့သည်။ ကုလသမဂ္ဂ အထွေထွေညီလာခံထံ Quintana ၏ အစီရင်ခံစာတွင် နအဖအနေဖြင့် "ဟာမြန်မာပြည်တွင်' များပြားပြီးစနစ်ကျကျ လူ့အခွင့်အရေးချိုးဖောက်နေမှုများအားရပ် နိုင်ရန် အရေးယူ တာဝန်ယူမှုများကိုချမှတ်ရန် လုပ်ဆောင်မှုများ"အား ပြုလုပ်သွားရန် တောင်းဆိုထားသည်။

ဖေဖော်ဝါရီလတွင် အမေရိကန် နိုင်ငံခြားရေးဝန်ကြီး Hillary Clinton က မြန်မာပြည်တွင်ထားရှိသော အမေရိကန်၏ ပေါ်လစီမူဝါဒများကို ပြန်လည် ဆန်းစစ်မည်ဟု ကြေငြာသည်။ ထိုဆန်းစစ်လေ့လာမှုကို နအဖနှင့် အဆင့်မြင့် သံတမန်တွေ့ဆိုမှုမှ အပ၊ အခြား ထားရှိထားသော ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ နှင့် ငွေရေးကြေးရေးပိတ်ဆို့မှုတို့ကို ဆက်လက်ထားရှိမည်ဟု အောက်တိုဘာလတွင် ကြေငြာသည် (အထက်လွှတ်တော်အမတ် Webb ၏ ဩဂုန်လ ခရီးစဉ် အတွင်း စစ်အစိုးရခေါင်းဆောင်ကြီးများနှင့် တွေ့ဆိုခဲ့ပြီး၊ နအဖအပေါ်ထားရှိသော ပိတ်ဆို့မှုများကို ပြန်လည်စဉ်းစားချင့်ချိန်ရန် အပြည်ပြည်ဆိုင်ရာ အစိုးရ ပါဝင်လှုပ်ရှားသူများကို တောင်းဆိုခဲ့သည်)။ နိုဝင်ဘာလတွင် နိုင်ငံခြားရေးဝန်ကြီးလက်အောက်ခံ Kurt Campbell နှင့်

အတူအခြား အမေရိကန်အရာခံများက ၁၅နှစ် အတွင်းတွင် ပထမဆုံး အဆင့်မြင့် သံတမန်တွေ့သည့် မြန်မာပြည် ခရီးစဉ်ကိုပြုခဲ့ပြီး၊ ဒေါ်အောင်ဆန်းစုကြည်နှင့်လည်းတွေ့ဆုံခဲ့သည်။ နိုဝင်ဘာလတွင် အမေရိကန် သမ္မတ Barack Obama က အာဆီယံ ခေါင်းဆောင် ၁၀ ဦးပါဝင်သည့် အမေရိကန်–အာဆီယံ အစည်းအဝေးတွင် မြန်မာဝန်ကြီးချုပ် သိန်းစိန်နှင့် တွေ့ဆုံခဲ့သည်။ ထိုတွေ့ဆုံမှုမှာ ဆယ်စုပေါင်းများစွာတွင် အမေရိကန် နှင့် မြန်မာ ခေါင်းဆောင်များကြား ပထမဆုံးအကြိမ် တွေ့ဆုံမှုကြီးဖြစ်ခဲ့သည်။

၂၀၀၉ တွင် အာဆီယံမှ ဒေါ်စုအား လွှတ်ပေးရန်တောင်းဆိုပြီး၊ နအဖအား အကြိမ်ပေါင်းများစွာ ဝေဖန်ပြောဆိုခဲ့သည်။ အထူးသဖြင့် အာဆီယံ သဘာပတိဖြစ်သည့် ထိုင်းနိုင်ငံက မေလကုန်ပိုင်းတွင် နအဖအား ပြင်းထန်စွာ ဝေဖန်ပြောဆိုခဲ့သည်။ အာဆီယံ အထွေထွေအတွင်းရေးမှူး Surin Pitsuwan က ဆိုင်ကလုံးအပြီး ကူညီမှုများပေးရန် သုံးပွင့်ဆိုင် အမာခံအဖွဲ့ကို ပြန်လည်သက်တန်းတိုးခဲ့ပြီး၊ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများပြုရန် နအဖအား အကြိမ်ပေါင်းများစွာ ပြောဆိုခဲ့သည်။ သို့သော်၊ အခြား အာဆီယံ အဖွဲ့ဝင်များဖြစ်သည့် စင်ကာပူ၊ ဗီယက်နမ်နှင့် လာအိုနိုင်ငံများမှာ စစ်အစိုးရကို ဆက်လက်ထောက်ခံနေမြဲဖြစ်သည်။

တရုတ်၊ အိန္ဒိယ နှင့် ထိုင်းနိုင်ငံတို့သည် နအဖ၏ အဓိက ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု စီးပွားဘက်များလည်းဖြစ်သည်။ တရုတ်သည် မြန်မာပြည်နောက်ပိုင်းမှ သဘာဝဓါတ်ငွေ့များကို တရုတ်ပြည်သို့ သယ်နိုင်ရန် ကုန်းကြောင်းရေနံပိုက်လိုင်းများကိုတည်ဆောက်သွားရန် စစ်အစိုးရနှင့်သဘောတူညီထားပြီးဖြစ်သည်။ နအဖသည် သဘာဝဓါတ်ငွေ့ရောင်းခြင်းမှ အများဆုံး အခွန်တော်ငွေရရှိသည်။ ၂၀၁၃ တွင် ပြီးမြောက်ပြုလုပ်မည့် ဤလုပ်ငန်းစဉ်များသည် နအဖအား ပိုမို အမြတ်ငွေများရရှိစေမည်ဖြစ်သည်။ တရုတ်အစိုးရသည် ကိုးကန့် တိုက်ခိုက်မှုများဖြစ်ပွားမှုအပေါ် မဝေဖန်စဖူး ဝေဖန်မှုကိုပေးခဲ့သည်။ သို့သော်ထိုဝေဖန်မှုက နအဖလုပ်ရပ်များသည် "ထိုနေရာမှာ နေနေသော တရုတ်လူမျိုးနိုင်ငံသားများ၏ ကိုယ်ကျိုးနှင့် အခွင့်အရေးကို ဘေးဖြစ်စေသည်" ဟူ၍ ဖြစ်သည်။

၂၀၀၉ တွင် မြန်မာပြည်အတွင်း လူသားချင်းစာနာထောက်ထားမှုကို ချိုးဖောက်သည့် ရာဇဝတ်မှုနှင့် စစ်ပွဲ ရာဇဝတ်မှုတို့ကို စစ်ဆေးစုံစမ်းရန် အပြည်ပြည်ဆိုင်ရာ လူ့အသိုင်းအဝန်းမှ တောင်းဆိုမှုများနှင့် ကုလသမဂ္ဂမှ လက်နက်ပိတ်ဆို့မှုများပြုလုပ်ရန် တောင်းဆိုမှုများ ပိုမိုများပြားလာခဲ့သည်။ သို့သော် ကလေးစစ်သားစုဆောင်းမှုနှင့် ပတ်သက်ပြီး နအဖအား ပြင်းထန်သည့်လုပ်ဆောင်မှုများကို လုပ်သွားရန် တောင်းဆိုထားသော်လည်း၊ မည်သည့် နိုင်ငံအစိုးရကမျှ ကုလသမဂ္ဂတွင် အလိုက်သိဦးဆောင်သွားခြင်းမရှိသေးချေ။ တရုတ်၊ ရုရှားနှင့် မြောက်ကိုးရီးယားတို့က နအဖအား လက်နက်များကို ဆက်လက်ပြီးရောင်းပေးနေဆဲဖြစ်သည်။